အနောက်အရပ်မှ နေမထွက်မချင်း ကိယာမသ် ဖြစ်မည်မဟုတ်ပေ။အနောက်အရပ်မှနေထွက်သောအခါ

၎င်းကိုလူတို့တွေ့မြင်ကြမည်ဖြစ်ပြီး

အားလုံးအီမာန်သက်ဝင်ယုံကြည်လာကြလိမ့်မည်။

အဗူဟူရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အနောက်အရပ်မှနေမထွက်မချင်း ကိယာမသ် ဖြစ်မည်မဟုတ်ပေ။ အနောက်အရပ်မှနေထွက်သောအခါ
၎င်းကိုလူတို့တွေ့မြင်ကြမည်ဖြစ်ပြီး အားလုံးအီမာန်သက်ဝင်ယုံကြည်လာကြလိမ့်မည်။ထိုအချိန်သည် (ရှေးဦးမဆွက အီမာန်ယုံကြည်မှုမရှိခဲ့သောသူကိုသော်လည်းကောင်း၊
မိမိယုံကြည်မှုနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကောင်းမှုပြုခဲ့ခြင်း
မရှိသောသူကိုသော်လည်းကောင်း၊ ထိုသူ၏ ယုံကြည်မှုသည် အကျိုးကျေးဇူးဖြစ်ထွန်းစေမည်မဟုတ်ပေ။) (ကုရ်အာန် ၆:၁၅၈) ဟုဆိုထားသော အချိန်ပင်ဖြစ်သည်။
လူနှစ်ယောက်သည် မိမိတို့ကြား၌ မိမိတို့၏ အဝတ်အထည်ကို ဖြန့်ကာ အရောင်းအဝယ်
မလုပ်ရသေးခင်၊ ၎င်းအဝတ်ကို မခေါက်ရသေးခင် ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။
လူတစ်ဦးသည်မိမိကုလားအုတ်မှ နို့ညှစ်ပြီး ပြန်သွားခဲ့ရာ ၎င်းနို့ကိုမသောက်မီကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။ ၎င်းသည်မိမိရေကန်(၏အက်ကွဲကြောင်းများကို)ဖာထေးပြီး(ရေဖြည့်၍) မိမိ၏တိရစ္ဆာန်ကို
ရေမတိုက်ရသေးမီအလျင် ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။ အသင်တို့အနက်မှ
တစ်ဦးတစ်ယောက်သည် ထမင်းလုတ်ကိုမြှောက်ပြီး ပါးစပ်ထဲမသွင်းရသေးမီအလျင်
ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။
[صحيح] [متفق عليه]

အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်ကိယာမသ်၏နိမိတ်လက္ခဏာကြီးများနှင့်ပတ်သက်၍ မိန့်ကြားတော်မူခဲ့သည်။ ၎င်းတို့မှာနေသည်အရှေ့အရပ်မှ ထွက်ရမည့်အစား အနောက်အရပ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ထိုအခြင်းအရာကို လူတို့မြင်တွေ့ကြပြီးနောက်အားလုံးအီမာန်သက်ဝင်ယုံကြည်ကြမည်ဖြစ်သည်။ သို့သော် ထိုအချိန်တွင် ကာဖိရ်၏အီမာန်သက်ဝင်ယုံကြည်မှုသည်လည်းကောင်း၊ အမလ်ကောင်းမှုများဆောင်ရွက်ခြင်းသည်လည်းကောင်း၊ သောင်ဗဟ် အမှားဝန်ချတောင်းပန်ခြင်းသည်လည်းကောင်းအကျိုးဖြစ်ထွန်းမည်မဟုတ်ပေ။ ၎င်းနောက် ကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကဆက်လက် မိန့်ကြားတော်မူသည်မှာ လူတို့သည် မိမိတို့၏ လုပ်ငန်းဆောင်တာများကိုဆောင်ရွက်လျက်ရှိနေစဥ် ကိယာမသ်သည် ရုတ်တရက် ဆိုက်ရောက်လာမည်ဖြစ်သည်။အရောင်းအဝယ်ပြုသူ နှစ်ဦးသည် မိမိတို့ကြား၌ မိမိတို့၏ အဝတ်အထည်ကိုဖြန့်ကာအရောင်းအဝယ် မပြုရသေးမီ၊ ၎င်းအဝတ်ကို မခေါက်ရသေးမီအလျင် ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။လူတစ်ဦးသည်မိမိကုလားအုတ်မကို နို့ညှစ်ပြီး ၎င်းနို့ကိုမသောက်မီအလျင်ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။ လူတစ်ဦးသည် မိမိရေကန်ကိုပြန်လည်ပြုပြင်ဖာထေးပြီးရေဖြည့်၍ မိမိ၏တိရစ္ဆာန်ကိုရေမတိုက်ရသေးမီအလျင်ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။ ထို့အတူ လူတစ်ဦးသည် ထမင်းစားရန်

ထမင်းလုတ်ကိုမြှောက်ပြီး မစားရသေးမီအလျင် ကိယာမသ်ဖြစ်သွားမည်ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/65026